mgyoe.com SAMPLE BOOK

ပန်းရွှေပြည်စာအုပ်တိုက်

# မဇ္ဈိမဒေသ
# အရေးတော်ပုံကျမ်း

ဒွာရာဝတီမြို့ဝန်မင်း

နေမျိုးဇေယကျော်ထင်




ကိုရွှေသိမ်းမင်း


စိစစ်ခင်းကျင်းသည်။


mgyoe.com


mgyoe.com SAMPLE BOOK


# ပန်းရွှေပြည် မြန်မာ့ရေးရာစာအုပ်များ






















mgyoe.com SAMPLE BOOK

**တန်ဖိုး**
၃၀၀၀ ကျပ်

**အုပ်ရေ**
၅၀၀ အုပ်

**ပထမအကြိမ်**
၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလ။

**မျက်နှာဖုံးဒီဇိုင်း**
မင်းဟန်

**ထုတ်ဝေသူ**
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဒေါ်စုစုလှိုင် (၀၁၂၃၄)
စုပုံနှိပ်တိုက်
အမှတ် ၂၈၊ တာဝတိံသာလမ်း၊
ပုစွန်တောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

**စာအုပ်ချုပ်**
မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

# မဇ္ဈိမဒေသအရေးတော်ပုံ

## ဒွာရာဝတီမြို့ဝန်မင်း နေမျိုးဇေယကျော်ထင်

---

ကိုရွှေသိမ်းမင်း
စိစစ်ခင်းကျင်းသည်။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

m.gyoe.com SAMPLE BOOK

# မာတိကာ


* အမှာ ၈

* ကျမ်းဦးနိဒါန်း ၉

ပထမပိုင်း

၁။ ရခိုင်သို့ ဟံသာဝတီမြို့ဝန် ချီရခြင်း ၁၁

၂။ မြန်မာတပ်နှင့် အင်္ဂလိပ်တပ် အရေးဆိုကြခြင်း ၁၂

၃။ မြန်မာတပ်သို့ အင်္ဂလိပ်ကိုယ်စားလှယ် ရောက်လာခြင်း ၁၄

၄။ အင်္ဂလိပ်တိုက်အုပ်ကိုတွေ့ရန် မြန်မာတပ်ဦးဗိုလ်သွားခြင်း ၁၅

၅။ သူပုန်လူဆိုးတို့ကို အပ်ရေး တောင်းဆိုခြင်း ၁၆

၆။ သူပုန်,လူဆိုးတို့ကို မင်းတရားကြီးထံ အပ်ခြင်း ၁၉

ဒုတိယပိုင်း

၇။ လေးမြို့ကို ငချင်းပြန် တိုက်ခြင်း ၂၁

၈။ ငချင်းပြန်တိုက်ခိုက်မှုကို ခံရခြင်း ၂၂

၉။ ဓညဝတီသမိုင်းအကျဉ်းနှင့် ငချင်းပြန်မျိုးရိုး ၂၂

၉။ ချီလေသမျှ လွယ်ကာရခြင်း ၂၄

၁၀။ ကုလားတန်ချောင်း ဒေသအရေးကို ဆောင်ရွက်ခြင်း ၂၅

၁၁။ ငတ်မြစ်ကမ်းခြေအထိ ချီတက်မြန်ခြင်း ၂၆


m.gyoe.com

mgyoe.com SAMPLE BOOK


| | |
|---|---|
| ၁၂။ ညီလာရွာတိုက်ပွဲ | ၂၇ |
| ၁၃။ အမရပူရနေပြည်တော်မှ အမိန့်ရောက်လာခြင်း | ၂၇ |
| ၁၄။ သံဖက်ခန့်၍ တွေ့ဆုံကြခြင်း | ၂၈ |
| ၁၅။ အခွန်ဝန်ဖေယကျော်ထင်၏ စံထားဖွယ်စကား | ၃၁ |
| ၁၆။ အခွန်ဝန်နှင့် ဂုမ္ဘဏီ တွေ့ဆုံခြင်း | ၃၁ |
| ၁၇။ အင်္ဂလိပ်ဂုမ္ဘဏီက သူပုန်တို့ကို အပ်ခြင်း | ၃၆ |
| ၁၈။ စစ်တကောင်းမှ ပန်းဝါသို့ရောက်ခြင်း | ၃၈ |
| ၁၉။ သူရိန်ဗလအသက်ကို ကယ်ခြင်း | ၃၈ |
| ၂၀။ ပြည်မြို့ရှိ မင်းလှစည်သူထံ သတင်းပို့ရခြင်း | ၃၈ |
| ၂၁။ ဟံသာဝတီသို့ သွားရခြင်း | ၃၉ |
| ၂၂။ ဖံကေနီကို အခွန်ဝန် ဆုံးမပြောဆိုခြင်း | ၄၀ |
| ၂၃။ ကျမ်းဂန်စာပေ ကူးယူရန် လူရွေးခြင်း | ၄၂ |
| ၂၄။ ရွှေဖဝါးတော်အောက် သံတော်ဦးတင်ရခြင်း | |

တတိယပိုင်း

| | |
|---|---|
| ၂၅။ ရှေးစေလွှတ်သူတို့ အမှုမပြီးသဖြင့် အခွန်ဝန်ကို စေလွှတ်ပြန်ရခြင်း | ၄၆ |
| ၂၆။ ဖေယကျော်ထင် အမျိုးအနွယ် | ၄၇ |
| ၂၇။ ဖေယကျော်ထင်ကို သွန်သင်မိန့်မှာခြင်းများ | ၅၀ |
| ၂၈။ မဇ္ဈိမဒေသသို့ ဖေယကျော်ထင် ခရီးထွက်ခြင်း | ၅၃ |
| ၂၉။ ဖေယကျော်ထင်ရောက်ကြောင်းကို ဂုမ္ဘဏီသို့ အကြောင်းကြားခြင်း | ၅၄ |
| ၃၀။ ဂုမ္ဘဏီနှင့် တွေ့ရခြင်း | ၅၅ |
| ၃၁။ ဂင်္ဂါမြစ်ကို ဆန်တက်ခြင်း | ၅၆ |


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| ၃၂။ | ဂေါဝိန္ဒပုဏ္ဏားကို တွေ့ပြီ | ၅၇ |
| ၃၃။ | မင်းသမီးကို နေပြည်တော်သို့ ဆောင်ယူဖို့အရေး | ၅၈ |
| ၃၄။ | သာဝတ္ထိပြည် အဒိတ္တရာဇာမင်းနှင့် တွေ့ခြင်း | ၅၈ |
| ၃၅။ | သာဝတ္ထိပြည်မင်း အမိတ္တရာဇာ မိန့်ကြားစကား | ၆၆ |
| ၃၆။ | ဗာရာဏသီပြည်ရှိ ပုဏ္ဏား ၄ ဦးနှင့် ပြောဟောခြင်း | ၇၂ |
| ၃၇။ | သမီးကညာ ခေါ်လာခွင့် အမိန့်စာ အမရပူရရွှေနန်းတော်က ရောက်လာခြင်း | ၈၇ |
| ၃၈။ | ရွှေဖဝါးတော်အောက်သို့ အစီရင်ခံခြင်းနှင့် ဂရာသီမြို့သို့ ခရီးဆက်ခြင်း | ၈၉ |
| ၃၉။ | ဂရာသီမြို့က ဗောဓိပင်အကြောင်း | ၉၁ |
| ၄၀။ | ဘင်္ဂလားမြို့၌ နားပြီး အပြန်ခရီး | ၉၃ |
| ၄၁။ | အခွန်ဝန်ကို ဟံသာဝတီမြို့ဝန် ခန့်ခြင်း | ၉၃ |
| ၄၂။ | ဟံသာဝတီမြို့ဝန်အဖြစ်မှ ဒွာရာဝတီမြို့ဝန် | ၉၃ |
| ၄၃။ | သံတွဲမှ ဧရာဝတီမြစ်သို့ လမ်းဖောက်ခြင်း | ၉၄ |
| ၄၄။ | ဗဒုံမင်းကို ချီးမွမ်းခြင်းနှင့် နတ်ရွာစံခြင်း | ၉၆ |
| * | ကျမ်းပြီးနိဂုံး | ၉၈ |
| * | အက္ခရာစဉ်အညွှန်း | ၉၉ |


mgyoe.com

# စိစစ်ခင်းကျင်းသူ၏အမှာ

ကုန်းဘောင်ဆက် ဘိုးတော်ဘုရား (ဗဒုံမင်း ၁၇၈၂ခု-၁၈၁၉ခု)တွင် ဖြစ်ပျက်ခဲ့သည်များကို မှတ်တမ်းပြုထားခြင်း ဖြစ်သည်။ ဘိုးတော်ဘုရား နန်းတက်ချိန်၌ ရခိုင်ဒေသသည် ဆူပူသောင်းကျန်း လူဆိုးသူပုန်တို့ ထကြွချိန် ဖြစ်သည်။

'ဘိုးတော်ဘုရား နန်းတက်သည့်အချိန်တွင် ရခိုင်တစ်စုတို့သည် အမရပူရသို့လာ၍ အကူအညီတောင်းလေရာ၊ ၁၇၈၄ ခုနှစ် နိုဝင်ဘာလတွင် အိမ်ရှေ့မင်းသားကိုယ်တိုင် ရခိုင်သို့ စစ်ချီတက်လေသည်။ မြန်မာစစ်တပ်သည် ရခိုင်ဒေသကို အလွယ်တကူ သိမ်းပိုက်နိုင်ကြသည်။ ရခိုင်ရွာအချို့တို့သည် မြန်မာစစ်တပ်ကို အိုးစည်ဗုံမောင်းတီး၍ ကြိုဆိုကြသည်။ ရခိုင်ကိုအောင်လျှင် ဘိုးတော်ဘုရားသည် ဘဝင်မြင့်၍ လာတော့သည်။'-ဟူ၍ ဒေါက်တာ ကျော်သက်-ရေး 'ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း' ပကြိမ်ထုတ် စာ ၃၃၂၌ သုံးသပ်ထားသည်။

'၁၈၅ခုတွင် ဒွါရာဝတီမြို့ဝန် နေမျိုးဇေယကျော်ထင် ပြုစုသည်။' -ဟူ၍ ဦးယံ၏ 'ပိဋကတ်တော်သမိုင်း'၌ စာရင်းတင်ထားသောကျမ်းသည် ဤကျမ်းဟု ယူဆရပါသည်။

အခွန်ဝန် နေမျိုးဇေယကျော်ယင်၏ အရေးပါပုံ၊ အရည်အသွေးရှိပုံ၊ အထက်အရာရှိတို့က အားထားအားကိုးရပုံတို့ကို အထူးတွေ့ရပါသည်။ ကိုယ်တိုင်ရေးမှတ်တမ်း ဆန်လှပါသည်။

ဤပေကျူးမှုကို စိစစ်ခင်းကျင်းရာတွင် ၁၉၉၈ ခုက ရခိုင်သားကြီး စာပေမှ ထုတ်ဝေပုံနှိပ်ပြီးဖြစ်သော ဦးလှထွန်းဖြူ၏ 'မဇ္ဈိမဒေသအရေးတော်ပုံကျမ်း'နှင့်ပါ ညှိတိုက် ကိုးကားထားပါသည်။

အားလုံးသို့ကောင်းသောချစ်ခြင်းများနှင့်
ကိုရွှေသိမ်းမင်း

ပန်းရွှေပြည်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK


## ပထမပိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ကျမ်းဦးနိဒါန်း

ရန်အောင်ရာသော အကြောင်း ၅ ပါး-

ရာဇနီတိကျမ်းထွက်

'ဇပ္ပေန မန္တေန သုဘာသိတေန ပဝေဏိယာ အနုပ္ပဒါနေန'

- ဇပ္ပေန = အင်း,ယတြာတို့ဖြင့် တတ်ကျွမ်းလိမ္မာသော အမှူးအမတ်ရှိခြင်း။
- မန္တေန = ပညာ အမြင်အသိ အထိုးအထွင်း အဖြောင့်အကောက်တို့ကို တတ်ကျွမ်းလိမ္မာသော အမှူးအမတ်ရှိခြင်း။
- သုဘာသိတေန= ချစ်ဖွယ်,နာဖွယ်ရှိသော စကားကိုလည်း ဆိုပြောတတ်ခြင်း။
- ပဝေဏိယာ = အမျိုးအဆွေချင်း ဆက်ရာ၌ လိမ္မာခြင်း။
- အနုပ္ပဒါနေန = လက်ဆောင်တံစိုး ပေးကမ်းရာ၌လည်း လိမ္မာခြင်း။

ဤသို့ အကြောင်း ၅ ပါးကို လက်သုံး ပြုတော်မူ၍၊

မင်းကျင့်တရား ၁၀ ပါး, အပရိဟာနိယတရား ၇ ပါး, သင်္ဂဟတရား ၄ပါး, အား ၅ပါး, တိုင်းပြည်သာယာအံ့သော အကြောင်း ၁၀ပါး။

သာရတ္ထဒီပနီကျမ်းထွက်၊


mgyoe.com

- နေ, လ, နက္ခတ်တာရာ ဂြိုဟ်သွားဂြိုဟ်နေ ဖြောင့်ခြင်း လည်းကောင်း။
- ဥတုရာသီ ၃ ပါး မယုတ်မလွန် ဖြောင့်မှန်သည် လည်းကောင်း။
- အသီး, အပင် ပြည့်ဖြိုး အောင်မြင်၍ အရသာလေးခြင်း လည်းကောင်း။
- မုဒိမ်းတန္တ ဓားပြသူခိုး လူလျှပ်လူသွမ်း မပေါ်မထွက်ခြင်း လည်းကောင်း။
- စစ်မက် မရှိစေရာ။ သာယာစွာ ပြည်သူတို့ ငြိမ်းချမ်းခြင်း လည်းကောင်း။
- ပြည်သူချင်းချင်း ကြီးနိုင်ငယ်နှိမ် မရှိစေရခြင်း လည်းကောင်း။
- မင်းနှင့် အမတ်,ပြည်သူ အယူအကျင့်ညီခြင်း လည်းကောင်း။

ယင်းသို့ မင်းတို့အလေ့အလာ စုံလင်စွာဖြင့်၊

အမရပူရမြို့တော်တည် ဆဒ္ဒန်ဆင် ပေါက်ထီး, ပေါက်မ-၂စီးသခင် မင်းတရားကြီးဘုရား[၁] လက်ထက်တော် သက္ကရာဇ် ၁၁၄၆ ခုနှစ်[၂] ရက္ခပူရတိုင်း, အယုဇ္ဈပုရတိုင်းစသော ဓညဝတီရခိုင်ပြည်ကြီးကို အလိုတော်ပြည့်လျှင် ဓညဝတီပြည်အနောက်မျက်နှာ နယ်ခြားနတ်မြစ်[၃] ရှင်မဖြူကျွန်းကို ပိုင်းခြားတော်မူ၍၊ ဓညဝတီမြို့ဝန် ခန့်သမျှတို့ စီရင်ရ၏။

ယင်းသည်ကာလအတွင်း အနောက်ကုလားပြည် ဘင်္ဂလား- ကာလကတ္တား ဂုမ္ဘဏီစစ်သူကြီး[၄]တို့နှင့် အရေးရှိသမျှ အကြောင်းတို့ကို လည်းကောင်း။

မဇ္ဈိမတိုင်းပြည်သို့ အရည်ပညာရှိသော မှူးတော်မတ်တော်တို့ကို စေလွှတ်တော်မူ၍၊ အနောက်ပြည်မင်း[၅]တို့နှင့် စကားအရေးအကြောင်း သင့်တင့်လျောက်ပတ်စွာ မနိမ့်မမြင့်စေရ ပြောဆိုပြီးမှ၊ ပိဋကတ်ကျမ်းဂန်, စာပေ, ကျောက်သံပတ္တမြား, စိန်ကောင်း, မြကောင်း, သေနတ်, ထည်မျိုးအုပ်မျိုး ကောင်းမွန်စွာများနှင့် မဇ္ဈိမဒေသတိုင်း ဗာရာဏသီပြည်ရှင် ခတ္တိယသေန မင်းမျိုးတော်ဖြစ်သော မင်းသမီးကို ရွှေဖဝါးတော်အောက် ဆောင်ယူပို့ဆက်ရသော အကြောင်းအရာများကို ထင်ရှားစွာ ထုံးရာဇဝင် စာတမ်းထားသည်။

---

၁- ပဒုံမင်း (၁၇၈၂ ခု ၁၈၁၉ ခု)

၂- ခရစ်နှစ် ၁၇၈၄ ခု။

၃- မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကြားရှိသော နယ်ခြားမြစ်။

၄- **General Governor**

၅- 'မြန်မာမင်း'တို့ကို ဆိုလိုသည်။

mgyoe.com

SAMPLE BOOK

## ရခိုင်သို့ ဟံသာဝတီမြို့ဝန် ချီရခြင်း

သက္ကရာဇ် ၁၁၅၇ခု[၁]တွင် ငပေါလုံ့, ငခွက်ပေါက်, ကျဲတစ်ကောင်နိုင်တို့ ဆိုးသွမ်းပုန်ကန်လေသော် ဟံသာဝတီမြို့ ရေဝန် သီရိနန္ဒကျော်သူကို ဗိုလ်မှူး ခန့်တော်မူ၍ ရဲမက်လက်နက် ၁ သောင်း ၅ ထောင်နှင့် ကြည်းကြောင်း, ရေကြောင်း ချီလေ၏။

ထားလက်သို့ တပ်တော် ဆိုက်ရောက်လျှင် ရမ္မာဝတီမြို့[၂]ဝန်, မေဃဝတီမြို့[၃]ဝန်, ဒွါရာဝတီမြို့[၄]ဝန်တို့လည်း အလုံးအရင်းနှင့် အသီးအသီး ချီလာ၍ ပေါင်းမိလျှင်၊ ဓညဝတီမြို့ကို ငပေါလုံ့, ငခွက်ပေါက်, ကျဲတစ်ကောင်နိုင်တို့ ဝန်းဝိုင်းထားရာသို့ လုပ်ရေးကြံရေး ချီရေးကို တိုင်ပင်ကြသည့်ကာလ၊ မေဃဝတီမြို့ဝန် လက်ျာရွှေတောင်က

"ဗိုလ်မှူးနှင့် ရမ္မာဝတီမြို့ဝန်, ဒွါရာဝတီမြို့ဝန်တို့ တပ်မပြု၍ ချီလာပါတော့။ ရွှေဖဝါးတော်အောက်လာသည့် ပင်းတလဲဗိုလ်, ရေနံချောင်းဗိုလ်တို့နှင့် လူ ၅၀၀၀ သာ ကျွန်ုပ်တပ်ကို ဖြည့်ပါ။ တပ်ဦးတိုက်၍ ဓညဝတီမြို့ရောက် ချီပါမည်။" ဆို၏။

လက်ျာရွှေတောင် ဆိုသောစကားကို ကြိုက်ညီကြ၍ လုံ့ကိုင်လူ ၅၀၀၀ ကို ပေးလေသော်၊ မေဃဝတီမြို့ဝန်ပါရင်း လုံ့ကိုင်လူ ၂၀၀၀-လူပေါင်း ၇၀၀၀ နှင့် လက်ျာရွှေတောင် အရပ်ရပ်က သူပုန်သူဆိုးတို့ ခုခံသမျှတပ်ကို ရွပ်ရွပ်ချွံချွံ တိုက်ဖျက်၍ ဓညဝတီမြို့သို့ ရောက်၏။ တပ်မလည်း မရှေးမနှောင်း ရောက်လာ၏။

ငပေါလုံ့, ငခွက်ပေါက်, ကျဲတစ်ကောင်နိုင်တို့လည်း ရွှေဘုန်းတော်ရှိန်ကို မခံဝံ့၍ ဆုတ်ခွာလျှင်၊ ကုလားမြေ စစ်တကောင်းမြို့သို့ ဝင်လေ၏။ လက်ျာရွှေတောင်လည်း နောက်ထပ်ချီသွား၍၊ စစ်တကောင်းမြို့နှင့် ၂ ရက်ကွာ နတ်ရေကန်တွင် အလံစိုက်၍ တပ်ချ၏။

ဗိုလ်မှူး ရေဝန် သီရိနန္ဒကျော်သူလည်း တပ်ဦးနှင့် ၁ ရက်ကွာ ဥဒေါင်းပြင်တွင် ချရပ်၏။

---

၁- ခရစ်နှစ် ၁၇၉၅ ခု။

၂- ရမ်းဗြဲကျွန်း။ ရမ္မာဝတီမြို့ဝန်ကား 'ရွှေတောင်သာဂသူ'-ဟု မုံရွေးမဟာရာဇဝင်ကျော်၌ပြ။

၃- မာန်အောင်ကျွန်း ဒွါရာဝတီမြို့ဝန်ကား 'နေမျိုးဇေယကျော်ထင်'

၄- သံတွဲမြို့။

mgyoe.com

## မြန်မာတပ်နှင့် အင်္ဂလိပ်တပ် အရေးဆိုကြခြင်း

ယင်းသည်ကာလ ဘင်္ဂလား-ကာလကတ္တားဂုမ္ဘဏီက မိကေ သင်ကို အချုပ်ခန့်၍ ကုလားဖြူ ဂုရာ[၁] ၁ သောင်း, ကုလားနက် ဆဘာအိတ်[၂] ၂ သောင်း-ဆင်, မြင်း, အလုံးအရင်းနှင့် ချီလာ၍၊ စစ်တကောင်းမြို့ တောင် ၅ တိုင်ခန့်ကွာ လွင်ကြီးတွင် ရပ်လာ၍၊ စာပေးသည်ကား

'ဝေလာတောင်, ကြိမ်တန်းတောင်, အနောက်မျက်နှာ ဘင်္ဂလား ၁၂ မြို့ဝင် ဘိလပ်ပြည်[၃] အင်္ဂလိပ်မင်းနိုင်ငံ ဖြစ်သည်။ နတ်ရေကန်မှာ အလံကိုနတ်၍ ဝေလာတောင်, ကြိမ်တန်းတောင် အရှေ့ဘက်သို့ တပ်ဆုတ်ရမည်။'-စာ ပေးလာ၏။

တပ်ဦးချုပ် လက်ျာရွှေတောင် စာပြန်ပေးသည်ကား

'အင်္ဂလိပ်ဂုမ္ဘဏီတို့ ဆိပ်ကမ်းပြု၍နေသည့် အိန္ဒိယတိုင်း ဘင်္ဂလား ၁၂ မြို့ကျေးရွာသည် ရက္ခပူရတိုင်း ဧည့ဝတီပြည်ကြီး နိုင်ငံအပိုင်။ ဘင်္ဂလားမြို့အနောက် ဘာဂီးရမြစ် ရေရိုးအခြား ဖြစ်လျက် ဘိလပ်မင်းနှင့် မိတ်ဝင်ကြသည်ဖြစ်၍ မသိမ်းမယူ နေသည်။

ယခုမှာ ၂ ပြည်အကြား ရန်မီးပွားအောင်ပြုသူ ငပေါလုံ, ငခွက်ပေါက်, ကျွဲတစ်ကောင်နိုင်တို့ကို လက်ခံထားသည်မှာ မိတ်ဝင်ကြသောသူချင်း အလေ့အကျင့် မဟုတ်။ ရန်လို၍ပြုရာ ရောက်သည်။

---

၁- **Gosa**

၂- **Saprys**

၃- အင်္ဂလိပ်တို့သည် အိန္ဒိယတိုင်း သယံပတ်မြို့ စော်ဘွား ရာဇအလီခံတွင် ဘိလပ်အရပ်၌ အခွန်ဆက်ပြီး မြို့တည်နေထိုင်ခွင့် ရရှိခဲ့သည်။ ထိုမြို့ကိုအကြောင်းပြု၍ အင်္ဂလိပ်တို့နေရာ ကို 'ဘိလပ်'ဟု ခေါ်လာခြင်းဖြစ်သည်။ **ROB, VIIII, p-405** ဦးလှထွန်းဖြူ တည်းမှူး၌ အောက်ခြေမှတ်ပြ။
ဘိလပ်ကို အင်္ဂလန်ပြည်အဖြစ် နောက်ပိုင်း၌ ကိုယ်စားပြု သုံးစွဲကြသည်။

mgyoe.com

ဗိုလ်ချုပ်မီကေသင်က ဘင်္ဂလား-ကာလကတ္တား ဂုမ္ဘဏီ
အထံ အကြောင်းများကို ပြန်ပြော၍ သူပုန်လူဆိုး ငပေါလုံ၊
ငခွက်ပေါက်၊ ကျွဲတစ်ကောင်နိုင်တို့ကို အပ်ပေးလာရမည်။
မပေးမအပ်နေလျှင် အင်္ဂလိပ်မင်းက ပသီကုလား ဒီလီပြည်ကို
ရ၍ ဒီလီနိုင်ငံမှန်သမျှကိုသာ ယူသင့်သည်။ ဘင်္ဂါး ၁၂ မြို့သည်
ဒီလီပြည် ပသီနိုင်ငံ မဟုတ်။ ရက္ခပူရတိုင်း ဓညဝတီပြည်ကြီးနိုင်ငံ
ဖြစ်သည်။ ဘင်္ဂါး ၁၂ မြို့ကို သိမ်း၍၊ 'အိန္ဒိယတိုင်း' ခေါ်သည့်
ဘင်္ဂလား-ကာလကတ္တားလည်း ၁၂ မြို့ဝင် အလံစိုက်မည်။'

သည်စာကို မီကေသင်က စေလွှတ်လာရောက်သူ ဒါတ်ကုလား[၁]တွင် အပ်၍ ပြန်စေပြီးမှ၊ လက်ယာက ရေနံချောင်းဗိုလ်နှင့် လက်နက်ကိုင်လူ ၂၅၀၀၊ လက်ဝဲက ပင်းတလဲဗိုလ်နှင့် လက်နက်ကိုင်လူ ၂၅၀၀ တို့ကို တောပုန်းအသင့်မြှုပ်ထား၍၊ မီကေသင်ထံ စာရောက်လာသော် အင်္ဂလိပ်ဗိုလ်မီကေသင်က 'သလေမြင်'ဟူသောအင်္ဂလိပ်ကို တပ်ဦးဗိုလ် ခန့်ထား၍ တစ်ဟုန်တည်းချီလာပြီးသော်၊ အမြောက် မီးပေါက်သေနတ် ပစ်ခတ်၍ ဖိစီးတိုက်လာ၏။

ထိုအခါ လက်ျာရွှေတောင်လည်း မဆုတ်မတွန့် သံတပ်ကဲ့သို့ ခံ၏။ ယင်းသောအခါ ရေနံချောင်းဗိုလ်၊ ပင်းတလဲဗိုလ်တို့ နောက်က ဖိစီးတိုက်လေသော် ကုလားဖြူအင်္ဂလိပ်ဗိုလ်ရဲ ၁၀ ကျော်နှင့် လက်နက်ကိုင်ကုလား ၁၀၀၀ ကျော် ထိခိုက်သေလေသော်၊ ဆုတ်ခွာ၍ လွင်ကြီးတွင် ချမြဲစွဲရပ်နေလေ၏။

ယင်းသို့သောအခါ ဗိုလ်မှူးသီရိနန္ဒကျော်သူက ''တိုက်ပွဲတွင် သေသည့်ကုလားတို့လက်နက်ကို သိမ်းယူရမည်။''-ဆင့်ဆိုသော်၊ လက်ျာရွှေတောင်က ဆိုသည်ကား

''ကုလားပြည်သည် တိုင်းငယ်ပြည်ငယ် မဟုတ်။ တိုင်းကြီးပြည်ကြီးဖြစ်ချေသည်။ အထားအနေ စစ်တက်လိပ်လည်း[၂]၍ စစ်ဦးကုလားတို့က နိမ့်သည်အမှုသာ။ အရေး မဆိုလောက်သေး။ ငပေါလုံး၊ ငခွက်ပေါက်၊

---

၁- 'ခြေမြန်ဆက်သား' ဟု ယူဆရသည်။ 'Dawk, Dak' ဦးလှထွန်းဖြူတည်းမှု။
၂- လိပ်လည်း = တည်တံ့မရှိ ပြောင်းလဲယွင်းဖျက်သည်။

mgyoe.com

ကျွဲတစ်ကောင်နိုင်တို့ကို ဖြစ်စေ, ဘင်္ဂါး ၁၂ မြို့ကို ဖြစ်စေ၊ ရမှ အရှင်အလို တော်ပြည့် ပွဲလမ်းကြီးစွာ ရမည်။ နိုင်ငံတော်အစွန်အဖျား ရခိုင်မြို့, ပုသိမ်, ရန်ကုန်, ထားဝယ်မြို့ကျေးရွာသို့လည်း သဘော်လမ်းကြောင်း ပေါက်သာ ရောက်သာသည်။ ကြည်းကြောင်းလှ၍ ရေကြောင်းမလုံ တစ်စတစ်ပေါက် လစ်လပ်၍ အရေးပျက်ချေသော် 'ဗိုလ်မှူး မလိမ္မာ၍ အမှုကို မသိမ်းနိုင်ရာ ရောက်မည်။'ဖြစ်သည်။ ယခုတိုက်၍ ကုလား ၁၀၀၀ ကျော် သေသည် မှာလည်း သင်းတို့တပ်ကို ကျွန်ုပ်တို့က စတင်သည် မဟုတ်။ လူသေ လက်နက်ကို မသိမ်းမယူသင့်သေး။ မီကေသင်လည်း အရေးလိမ္မာသူ ဖြစ်သည်။ အရေးဆို စေလွှတ်လိမ့်မည်။''

## မြန်မာတပ်သို့ အင်္ဂလိပ်ကိုယ်စားလှယ် ရောက်လာခြင်း

လက်ျာရွှေတောင်ဆိုသောစကားကို ဗိုလ်မင်း, တပ်မင်း, ရဲမက် လက်နက်ကိုင်အများ ကြိုက်ညီကြ၍ ဆိုင်းရပ်နေသည်အတွင်း၊ ၂ ရက်ခန့် ရှိလျှင် မြန်မာစကားတတ်လိမ္မာသူ အင်္ဂလိပ်ဘော်စလီကို သူကောင်ထမ်း ကုလား ၃၀၀ ကျော်နှင့် မီကေသင်က စေလွှတ်၍ တပ်ဦးသို့ ရောက်လာ၏။

လက်ျာရွှေတောင်က ဘော်စလီကို ကောင်းမွန်စွာ နေရာချထား၏။

ဘော်စလီက လက်နက်များကို မယိမ်းမယူမြင်လေသော်၊

''လူကောင်ကို မြေမြှုပ် လိုပါသည်။ လူသေတို့ကိုင်သည့် သေနတ်ကို ယူပါတော့။''-ဆို၏။

လက်ျာရွှေတောင်က ''ငါတို့မြန်မာအလေ့မှာ အမင်္ဂလာ စစ်ပွဲတွင် သေသောသူတို့ စွဲကိုင်သည့်လက်နက် သုံးသည့်ထုံးစံ မရှိ။''-ဆို၏။

ဘော်စလီသည် လက်ျာရွှေတောင်ကို အလွန်ချီးမွမ်းသောစကား ဆို၏။ ယင်းသို့ပြီးမှ သူကောင်ထမ်းကုလားတို့ကို မြေမြှုပ်စေ၏။

လူသေတို့ကိုင်သည့် လက်နက်သေနတ်များကို မရိပ်မြစ်[၁]သို့ ချပြီးမှ ကုလားတို့ကို ပြန်စေ၏။

၁- ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရာမူးမြို့အနီးမှ စီးဆင်းသည့်မြစ် ဖြစ်နိုင်သည်။- ဦးလှထွန်းဖြူ။

mgyoe.com

## အင်္ဂလိပ်တိုက်အုပ်ကို တွေ့ရန် မြန်မာတပ်ဦးဗိုလ်သွားခြင်း

ဘော်စလီမှာ နောက်ပါလူ ၅၀ နှင့် တပ်ဦးတွင်နေ၍ စကားဆိုသည်မှာ-

"ကျွန်ုပ်တို့ကတပ်ဦးဗိုလ် သလေမြင် အရေးမတတ်မလိမ္မာသော ကြောင့် လူအများ သေရသည်။ မေဃဝတီမြို့ဝန်မင်းကို ဆိုရန် မရှိပါ။ လွန်ကျူးသမျှအမှုတို့ကို အမှား ၂ ဦးပင် ဖြစ်၍၊ နောက်ကို ရန်မီးမပွားစေရ။ အရေးတတ်လိမ္မာသောသူကိုသာ ဗိုလ်ချုပ်မီကေသင်ထံ ကျွန်ုပ်နှင့် အတူထည့်ပါ။ အမှု ပြေငြိမ်းပါလိမ့်မည်။"-ဆို၏။

ဘော်စလီဆိုသောစကားကို ကြိုက်ညီကြ၍ စစ်ကဲ နရာကျော်ခေါင်, မြို့စာရေးမောင်အောင်တို့-၂ ယောက်ကို ဘော်စလီနှင့်အတူ နောက်ပါ ၅၀၀ နှင့် လိုက်သွားစေ၏။

စစ်ကဲ နရာကျော်ခေါင်, မြို့စာရေး မောင်အောင်တို့တွင် မီကေသင် သို့ပေးသည့် စာကား -

'ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ဘဝရှင်မင်း တရားကြီးဘုရား ယုံမှတ်တော်မူ၍ အနောက်မျက်နှာ ရက္ခပူရ တိုင်း၌ မေဃဝတီမြို့မှာ မတော်မတရား ဆိုးစားသွမ်းတို့ကို သုတ်သင်စီရင်ရသော မေဃဝတီမြို့ဝန်တပ်ဦးဗိုလ်ချုပ်မင်း လက်ျာရွှေတောင် ကြားမှာလိုက်သည် ဘင်္ဂလား-ကာလကတ္တား ဂုမ္ပဏီစစ်သူကြီး ကိုယ်ခွဲထားသော မီကေသင်။

'ငါတို့အရှင်နှင့် ကိုယ်တို့အရှင်ဖြစ်သော ဘိလပ်ပြည်ရှင် အင်္ဂလိပ်မင်းသည် မဟာမိတ် ဝင်တော်မူကြ၍၊ ၂ ပြည်ထောင် အသင့်အတင့် ဆင်းရဲသားတို့ သဘော်, လှေလျင် ရောက်ပေါက် သွားလာ ရောင်းဝယ်ရှိကြလျက်၊ ငါတို့အရှင်ကျွန်တော်မျိုး ငပေါလုံ, ငခွက်ပေါက်, ကျွဲတစ်ကောင်နိုင်တို့ ဂုမ္ပဏီစီရင်စု စစ်တကောင်းမြို့သို့ ဝင်ပြေးသောကြောင့် 'ငပေါလုံ, ငခွက်ပေါက်, ကျွဲတစ်ကောင်နိုင်တို့ကို ဖမ်းယူရမည်။' ချီလာသည်။


mgyoe.com

'မိတ်ဆွေဝင်ကြရင်း တိုင်းပြည်ဖြစ်သောကြောင့် ရန်မပြုလို၍၊ စစ်ကဲ နရာကျော်ခေါင်, ဗိုလ်တပ်ရေး မောင်အောင် တို့ကို အရေးပိုင် အခွင့်အပ်၍ လာစေသည်။ ဗိုလ်ချုပ် မီကေသင်လည်း အကျိုးအကြောင်း ၂ ပါးကို သိကျွမ်းနားလည်သည့်အတိုင်း ပြည်ကြီး ၂ ပြည် မိတ်မပျက် ရန်မပွားစေရ သူပုန်လူဆိုး ငပေါလုံ, ငခွက်ပေါက်, ကျွဲတစ်ကောင်နိုင်တို့ ၃ ယောက်ကို ထက်ကြပ် အပ်လိုက်မည့်အကြောင်း မှာလိုက်သည်။'

စာကို သေချာစွာ တံဆိပ်လက်မှတ်နှင့် စစ်ကဲ နရာကျော်ခေါင်, မြို့စာရေး မောင်အောင်တို့ကိုအပ်၍၊ ဘော်စလီနှင့်အတူ မီကေသင်သို့ နောက်ပါလူ ၅၀၀ နှင့် သွားစေ၏။

## သူပုန်လူဆိုးတို့ကို အပ်ရေး တောင်းဆိုခြင်း

အင်္ဂလိပ်မီကေသင်ထံ ရောက်လေသော်၊ မီကေသင်က သင့်တင့် လျောက်ပတ်ရာတွင် အကျွေးအမွေးရိက္ခာစားရန် ကောင်းမွန်စွာ လုံလောက်အောင် ပေးကမ်း၍ နေရာချထားပြီးမှ ဆိုသည်ကား

"မြန်မာဗိုလ်မင်းက ပေးသည့်လက်မှတ်စာ ပါလျှင် ပေးပါ။"- တောင်း၏။

စစ်ကဲ နရာကျော်ခေါင်, မြို့စာရေး မောင်အောင်တို့က စကားဆိုသည်မှာ

"ပြည်ထောင်မင်းချင်း သော်လည်းကောင်း, မှူးမတ်ချင်း သော်လည်း ကောင်း၊ တစ်ဦးကိုတစ်ဦး သဝဏ်စာ ပေးကမ်းစေလွှတ် ရောက်ပေါက် သမျှသည် အမှုပိုင်အခွင့်ကုန် ဖြစ်မှသာ စာကို ပေးမြဲထုံးစံ ရှိသည်။ ကျွန်ုပ်တို့ကို နေထွက်အရှင်က ယုံမှတ်တော်မူ၍ ကိုယ်တော်ပွား ထားအပ်လျက် ခန့်တော်မူ သည်။ ဗိုလ်ချုပ် အရေးပိုင်အခွင့်ကုန်က ပေးသည့်စာကို ဗိုလ်မင်းမီကေသင်တို့ 'ပေးပါ။' ဆိုသော်၊ ဗိုလ်မင်းလည်း ကျွန်ုပ်တို့ ဗိုလ်ချုပ်မင်းကဲ့သို့ အခွင့်ပိုင် အမှုကုန်မှန်မှ စာကို လက်ခံယူသင့်သည်။ အခွင့်မပိုင်လျှင် ဘိလပ်ပြည် အင်္ဂလိပ် ကိုယ်ပွား ဟိန္ဒုတိုင်းနိုင်ငံ[၁]ကို လွှဲအပ်ခန့်ထားသူ ဘင်္ဂလား-ကာလကတ္တား ဂုမ္ဘဏီရှိရာ သွားမည်။"-ဆို၏။

---

၁- ဟိန္ဒုတိုင်းနိုင်ငံ = ဟိန္ဒူတိုင်းနိုင်ငံ။

mgyoe.com

mgyoe.com
SAMPLE BOOK


မီကေသင်ကလည်း

''ဘင်္ဂလားဂုမ္ဘဏီကို ဘိလပ်မင်းယုံမှတ်၍ ခန့်အပ်ထားသူ ဂုမ္ဘဏီက ကျွန်ုပ်ကို အခွင့်ပိုင်အမှုကုန် အရေးနှင့် လွှဲအပ်ခန့်ထား၍ လာသည်။ အမှုကြီး,ငယ်ရှိသမျှကိုပင် ကျွန်ုပ် ပိုင်ပါ၏။''-ဟု စကားကို ဆိုလေသော်၊

စစ်ကဲနရာကျော်ခေါင်, မြို့စာရေး မောင်အောင်တို့က ဆိုသည်မှာ-

''ဗိုလ်မင်းမီကေသင် ဆိုသောစကားအချက်အတိုင်း မှန်လျှင် 'အခွင့်ပိုင်အမှုကုန် ပြောဆိုရန်ရှိသမျှကို ပြေကုံအောင် ပြောဆိုပါမည်။'-ဟူသော လက်မှတ်စာကိုသာ ပေးပါတော့။''-ဆို၏။

အင်္ဂလိပ်ဗိုလ် မီကေသင်ကလည်း အခွင့်ပိုင်အမှုကုန်သော လက်မှတ်စာ ပေး၏။

ယင်းသည်နောက်မှ လက်ျာရွှေတောင်ပေးလိုက်သည့် စာကို အင်္ဂလိပ်ဗိုလ် မီကေသင်သို့ ပေးအပ်၏။

မြန်မာအက္ခရာကို အင်္ဂလိပ်သို့ ဘာသာပြန်ဆို ဖတ်နာကြည့်ရှု၍ စာတွင် 'ငပေါလုံ, ငခွက်ပေါက်, ကျွဲတစ်ကောင်နိုင်တို့ကို အပ်မှ ပြည်ကြီး ၂ ပြည် မိတ်ဆွေမပျက် ရန်ပြေငြိမ်းကြပါမည်။'-ပါသည့်စကားကို မီကေသင်က ဆိုသည်မှာ

''အသက်လွတ်ရာ ခိုဝင်လာရောက်သူတို့ကို ရှေး အပ်မြဲထုံး ရှိ, မရှိ စာဟောင်းထုံးစံ ရှာမည်။ ၄ ရက်[၁] ဆိုင်းပါ။''-ဆို၏။

စစ်ကဲ နရာကျော်ခေါင်, မြို့စာရေး မောင်အောင်တို့က ဆိုပြန်သည်မှာ

''ရဲမက်ဗိုလ်ခြေ များစွာနှင့် ဖြစ်သည်။ ၂ တိုင်း ၂ ပြည်အကြား ရန်မီးပွားအောင် ကျင့်ကြံပြုသောသူအား လက်ခံ၍ ထားအပ်ပေသည့်ထုံးကို ကျွန်ုပ်တို့က ပြောဆိုတင်ပေးမည်။ 'ထုံးမှန်လျှင် အပ်မည်။'-ဟူသော လက်မှတ်ကိုသာ ဗိုလ်မင်းက ပေးပါတော့။''-ဟု ဆို၏။

အင်္ဂလိပ်ဗိုလ်မီကေသင်လည်း ''ထုံးဟောင်းတင်ပြဆိုနိုင်လျှင် ထုံးဟောင်း ထွက်ဆိုသည့်အတိုင်း အပ်မည်။''-ဟူသောလက်မှတ်ကို ပေးပြန်၏။

---

၁- 'အရက် ၄၀'-ဟု ပါသည်ကို နောက်စာအရ ပြင်ထည့်။-စိစစ်ခင်းကျင်းသူ

mgyoe.com

 mgyoe.com SAMPLE BOOK 

ယင်းသို့ စကားသေချာစွာ စည်းနှောင်၍ လက်မှတ်နှင့်ထားပြီးလျှင်၊ စစ်ကဲ နရာကျော်ခေါင်, မြို့စာရေး မောင်အောင်တို့က ဆိုသည်မှာ

''ဗိုလ်မင်းတို့ ဟိန္နုတံ[၁]တိုင်းပြည် ဘိလပ်အင်္ဂလိပ်မင်းအပိုင် လက္ခနောင်[၂] နပတ်မင်း[၃]ညီ ဦးစီရာလီသည် ဗိုလ်ခြေအင်အားအများနှင့် လက္ခနောင်မြို့က ခြားနား၍ ဘင်္ဂလားဂုမ္ဘဏီကို တိုက်ခိုက်ခုခံ ဆိုးသွမ်းပြုကျင့်ရာ၊ ဘင်္ဂလားဂုမ္ဘဏီ ကရနင်မာကင်[၄]ကို အချုပ်အအုပ်ခန့်၍ ချီသွားတိုက်စေရာ ဦးစီးရာလီ မခံနိုင်သော် ရှစ်[၅]အမျိုးသားတို့ပြည် လော်ဟော်သို့ ဝင်ပြေးလေ၏။

''ကရနင်မာကင် လိုက်လံချီသွား၍ ဝိတ္တာမွန်[၆]မှာ ချရပ်နေပြီးလျှင် လော်ဟော်ပြည်မင်းထံ စာနှင့် တမန်စေလွှတ် တောင်းစေသည်ကာလ၊ လော်ဟော်မင်းက 'ဦးစီးရာလီသည် တစ်ပြည်နှင့်တစ်ပြည် ပျော်ရာနေမည်။ - ကူးပြောင်းလာသူ မဟုတ်။ သူတို့နေရပ်တိုင်းပြည်က ရန်မီးစပြု၍ ခိုဝင်လာရောက်သူ ဖြစ်သည်။ ဦးစီးရာလီ ဆိုးသွမ်းပြုကျင့်သောအမှုကြောင့် ၂ ပြည်ထောင်ရန်စစ် မဖြစ်သင့်။'-ဆို၍ ဦးစီးရာလီကို အင်္ဂလိပ်ဗိုလ် ကရနင် မာကင်သို့ ပေးအပ်သည်။ ခေါ်ယူခဲ့၍ အင်္ဂလိပ်မြို့ထောင်မှာ အကျဉ်းထားရာ ၁ နှစ်ကျော်ရှိမှ ဦးစီးရာလီ သေသည့်အကြောင်းအရာများသည် ဟိန္နုတိုင်းနိုင်ငံ အထင်အရှား။ ဘိလပ်အင်္ဂလိပ်မင်းသည် အသိ။ အပ်ထုံး, ပေးထုံးနှင့် ဖြစ်သည်။''-ဆို၏။

မိကေသင်က ''ယခုဆိုသော ထုံးအတိုင်း အမှတ်အသားစာတမ်း ကျွန်ုပ်တို့မှာ ရှိပါမည်။ ၄ ရက်သာ ဆိုင်းပါတော့။''-ဆို၏။

၄ ရက်စေ့လျှင်၊ ''မင်းကြီးတို့ ပြောသောစကားအတိုင်း ကျွန်ုပ်တို့လည်း စာဟောင်းစာတမ်း ရှိပေသည်။ 'ငပေါလုံ, ငခွက်ပေါက်, ကျွဲတစ်ကောင်နိုင်

---

၁- ဟိန္နုတံ = ဟိန္နု = ဟိန္နူ။

၂- 'Luckow'- ဦးလှထွန်းဖြူတည်း။

၃- 'Nawab' - ဦးလှထွန်းဖြူတည်း။

၄- 'Colonel Morgan' - ဦးလှထွန်းဖြူတည်း။

၅- 'Scyth' - ဦးလှထွန်းဖြူတည်း။

၆- 'ဝိတ္တာမွန် = Kapilavatthy' - ဦးလှထွန်းဖြူတည်း။

mgyoe.com

mgyoe.com
SAMPLE BOOK


တို့ကိုအပ်လျှင် မိတ်ဆွေမပျက် ရန်စစ်မရှိ ပြေငြိမ်းသည်။'-ဟူသော လက်မှတ်စာကိုသာ ပေးပါတော့။''-မီကေသင်က ဆိုလေသော်၊

စစ်ကဲ နရာကျော်ခေါင်, မြို့စာရေး မောင်အောင်တို့က 'သူပုန်လူဆိုးတို့ကိုအပ်လျှင် မိတ်ဆွေမပျက် ချစ်ခင်မြဲတိုင်း ရန်စစ်မရှိ ပြေငြိမ်းကြပါသည်။'-ဟူသောလက်မှတ်စာကို မီကေသင်သို့ ပေး၏။

မီကေသင်ကလည်း ငပေါလုံ, ငခွက်ပေါက်, ကျွဲတစ်ကောင်နိုင်တို့ ၃ ယောက်ကို သံကြိုးနှင့် စစ်ကဲနရာကျော်ခေါင်, မြို့စာရေးမောင်အောင်ကို အပ်၏။

## သူပုန်လူဆိုးတို့ကို မင်းတရားကြီးထံ အပ်ခြင်း

ငပေါလုံး, ငခွက်ပေါက်, ကျွဲတစ်ကောင်နိုင်တို့ ၃ ယောက်ကို ဆောင်ယူခဲ့၍၊ စစ်ကဲနရာကျော်ခေါင်, မြို့စာရေးမောင်အောင်တို့ တပ်တော်သို့ရောက်လာသော် အရေးအမှုမရှိ ပြေကုံ၍၊ ရေဝန်ဗိုလ်မှူး သီရိနန္ဒကျော်သူ, မေဃဝတီမြို့ဝန် လက်ျာရွှေတောင်တို့သည် တပ်ကိုသိမ်း၍ ပြန်ကြကုန်၏။

ဓညဝတီမြို့သို့ ရောက်လျှင် ပုပွားစား[၁] စစ်ကဲကို ကြီးကြပ်စေ၍ ရွှေဖဝါးတော်အောက် ငပေါလုံ, ငခွက်ပေါက်, ကျွဲတစ်ကောင်နိုင်တို့ ၃ ယောက်ကို ပို့ဆက်စေရာ၊ ဆင်ဖြူကျွန်းသို့ရောက်၍ ကျွဲတစ်ကောင်နိုင် ထွက်ပြေးလွတ်လေ၏။

ငပေါလုံး, ငခွက်ပေါက်တို့ ၂ ယောက်ကို မင်းကွန်းအနောက်ဘက် စံနန်းတော်မှာ ဆက်လေသော်၊ အပြစ်အလျောက် သင်းတို့ ၂ ယောက်ကို စီရင်တော်မူ၏။

ပုပွားစား စစ်ကဲကိုလည်း ''မှူးမတ်ဖြစ်သျှက် ပေါ့ဖျင်းသည့်သူဖြစ်သည်။''-ဟု ရာဇဝတ်ပေးတော်မူ၍၊

ရေဝန်သီရိနန္ဒကျော်သူကို ဓညဝတီပြည်ကြီး မြို့ဝန်။ လက်ျာရွှေတောင်ကို ရမ္မာဝတီမြို့ဝန် ခန့်တော်မူ၏။

---

၁- 'ပုတ်ပါးစား' ကို ပြင်ထည့်သည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

ဒွာရာဝတီ သံတွဲမြို့စာရေး မောင်အောင်ကိုလည်း 'ဇေယကျော်သူ' အမည်နှင့် အဝတ်အစား[၁], အဆောင်အရွက် သနားတော်မူ၍ ခညဝတီမြို့ အခွန်ဝန် ခန့်တော်မူ၏။

နရာကျော်ခေါင်ကိုလည်း ထိုနည်း အသနားတော်မြတ် ခံစေ၍ ရမ္မာဝတီမြို့ အကောက်ဝန် ခန့်တော်မူသည်။

ဤသည်ကား 'ပထမပိုင်း' လျှင်တည်း။

---

၁- 'ဒူးအဝတ်အစ' - ဦးလှထွန်းဖြုတည်း။

mgyoe.com

mgyoe.com SAMPLE BOOK 

# ဒုတိယပိုင်း

## လေးမြို့ကို ချင်းပြန် တိုက်ခြင်း

သက္ကရာဇ် ၁၁၇၃[1] ခုနှစ် ရောက်သောအခါမှုလည်း ချင်းပြန်[2]၊ ယောက်ဖ လေက်ရုံးဘွေတို့ ဘင်္ဂလား-ကာလကတ္တား ဂုန္တဏီစီရင်စု ပန်းဝါတွင် နေ၍ သက်မင်း ကောင်းလှမှူး[3]နှင့် ပူးပေါင်းတိုင်ပင်ပြီးလျှင် ကုလား ဆဘာအိတ်တို့နှင့် အလုံးအရင်း၊ လက်နက်၊ လူသူ စုရုံးစည်းကြပ်၍ ရခိုင် ၄ မြို့ကို တိုက်ခိုက်လာ၏။

၄ မြို့ဝန်တို့ ခုခံ၍တိုက်ကြရာ မေဃဝတီမြို့ဝန် သာရရန်နိုင်နှင့် ရမ္မာဝတီမြို့အခွန်ဝန်၊ စစ်ကဲ၊ နားခံ၊ မြို့သူကြီးတို့ တိုက်ပွဲတွင် ထိခိုက် သေဆုံး၍ ကရည်းကသီး တပ်ပျက်ကြလေသော်၊

'ဓညဝတီမြို့ဝန် မင်းကြီးကျော်ထင်လည်း မြို့တံခါးကို ပိတ်၍ ခိုင်လုံစွာ နေရလေကြောင်း' ကို ဒွါရာဝတီမြို့က ရှိခိုးသံတော်ဦးတင် လျှောက်သော်၊

မဟာဆွေတော်ဖြစ်သော အနောက်ဝင်းတော်မှူး မင်းလှစည်သူကို ပုဂံမြို့စက အောက်တစ်လျှောက် ပင်လယ်ထိ ဗိုလ်မှူး ခန့်တော်မူ၏။

---

၁- ခရစ်နှစ် ၁၈၁၁ ခု။

၂- 'ချင်းပြန်' ကို သူ၏ဖခင်က ရခိုင်မြောက်ဖျား ချင်းတောင်အရပ်မှ ပြန်လာသောအခါ မွေးဖွားသောကြောင့် 'ချင်းပြန်' ဟုခေါ်ကြောင်း သိရသည်။ ချင်းပြန်သည် ၁၇၉၈ ခုနှစ်မှစ၍ ပဒုံမင်းကို တိုက်ခိုက်ရန် ကြံစည်လာခဲ့သူ ဖြစ်သည်။ ၁၈၁၁ ခုနှစ်တွင် ရခိုင်ပြည်အနှံ့ကို အလုံးအရင်းနှင့် တိုက်ခိုက်ရာ ရခိုင်ပြည်ဒေသများက ချင်းပြန် လက်အောက်သို့ ကျရောက်ခဲ့သည်။ ထို့ကြောင့် ဗဒုံမင်းသည် အနောက်ဝင်းတော်မှူးကို ဗိုလ်မှူးခန့်၍ အင်အား ၃ သောင်းရှိသော တပ်တော်နှင့် ၁၈၁၁ ခုနှစ်တွင် သွားရောက် နှိမ်နင်းခဲ့ရသည်။ ဗဒုံမင်း၏တပ်တော် လက်ရောက်တိုက်ခိုက်သောအခါ အင်္ဂလိပ်ပိုင်နက် ဘင်္ဂလားနယ်ထဲသို့ ဝင်ပြေးခဲ့သူလည်း ဖြစ်ပါသည်။- ဦးလှထွန်းဖြူတည်းမှူ အောက်ခြေမှတ်။

၃- 'သက်မင်းကောင်းလှဖျူ'-ဦးလှထွန်းဖြူတည်းမှူ။

mgyoe.com

mgyoe.com
SAMPLE BOOK


ဓညဝတီမြို့အခွန်ဝန် ဇေယကျော်ထင် ရွှေဖဝါးတော်အောက်ရှိခိုက် စုကြီး သေနတ်ကိုင် ၁၀၀၀ အပ်တော်မူ၍ ဇေယကျော်ထင် လိုက်ထပ်ရ၏။ ဗိုလ်မှူးမင်းလှစည်သူနှင့် တပ်မစစ်ကဲမှာ တိုင်တားဗိုလ်နေမျိုးသီဟ, ဒီပဲယင်း မြို့ဝန် စန္ဒသီရိ-၂ ယောက်ကို စစ်ကဲ ခန့်အပ်တော်မူ၍ ချီရ၏။

## ချင်းပြန်တိုက်ခိုက်မှုကို ခံရခြင်း

မင်းဘူးဆိပ်သို့ ရောက်သည့်ကာလ ရွှေဖဝါးတော်အောက်က ခန့်တော်မူသည်ကား ကျောက်ဆည်ဝန် နန္ဒကျော်စွာ မင်းတုန်းလမ်း မအီချောင်းချီသည့် တပ်ကို ဆီးဆို့၍တိုက်လေရာ၊ မခံနိုင်သောကြောင့် လူအများ သေဆုံးလျက် ကရည်းကသီး ပျက်စီးဆုတ်ခွာခဲ့ရ၏။

စလင်း ထားလက်ကြောင်းချီသည့် ရဲလှရာဇာတပ်ကိုလည်း တောင်ကြားက ဆီးဆို့တိုက်လေ၏။

## ဓညဝတီသမိုင်းအကျဉ်းနှင့် ချင်းပြန်မျိုးရိုး

ယင်းသောအခါ ဗိုလ်မှူး မင်းလှစည်သူက အခွန်ဝန် ဇေယကျော်ထင်ကို ဆိုသည်စကားမှာ

"ရွှေဖဝါးတော်အောက်က တပ်မထွက်မီ ပေါရာဏပုဏ္ဏားကို ခေါ်၍ ဓညဝတီပြည် မင်းဆက်မင်းမျိုး အမှူးအမတ်အရိုးအနွယ် ချင်းပြန်, လက်ရုံးဘွဲ့[၁]တို့ ဇာတိအမျိုးကို မေးလျှင်၊ 'ဓညဝတီအခွန်ဝန်သည် ရှေးကိုယ်ရံကြီးအရိုး မဟာပညာကျော်တို့အမျိုးဖြစ်၍ စာဟောင်းစာတမ်းအထွက် မင်းဆက်များကို အခွန်ဝန်မှသာ အကုန်အစင်ပြောဆိုနိုင်ပါမည်။"- ပုဏ္ဏား ပေါရာဏက ဆိုသည်။

"ဓညဝတီမြို့တည်မင်းဆက် ကံရာဇာကြီး, စန္ဒသူရိယမင်းတို့အကြောင်း၊ ၁၁၄၆ ခုနှစ်[၂] ရွှေဖဝါးတော်အောက်ရောက်သည့် သမ္ဘုတအကြောင်း၊ ချင်းပြန် အမျိုးအရိုး၊ ချီရေးသွားရေး လမ်း,စခန်းနှင့် ပြောဆိုရမည်။"-မေးလေသော်၊

---

၁- 'လက်ရုံးဗိုလ်' ရခိုင်ရာဇဝင်သစ်ကျမ်း။

၂- ခရစ်နှစ် ၁၇၈၄။

mgyoe.com

mgyoe.com SAMPLE BOOK

အခွန်ဝန် ဆိုသည်ကား

“ရက္ခပူရတိုင်းစာပေါင်းထွက်မှာ ဂေါတမဘုရားမြတ်စွာ[၁] မပွင့်မီ အနှစ် ၅၀၀၀ ကျော်က ဓညဝတီမြို့ကို မာရယုမင်း တည်၏။ ထိုမင်းအမျိုး ၅၅ ဆက်-နောက် ဘုရားမပွင့်မီ အနှစ် ၁၃၀၀ တွင် အရှေ့တကောင်းပြည်က ကံရာဇာကြီး ဓညဝတီမြို့မှာ မင်းပြုတော်မူ၏။ ထိုမင်းနောက် ၂၈ ဆက်ရှိမှ စန္ဒသူရိယမင်းလက်ထက် ဘုရားပွင့်တော်မူ၍ ၅ ဝါမြောက်တွင် ဓညဝတီပြည်သို့ ကြွရောက်တော်မူ၏။

“စန္ဒသူရိယမင်းနောက် ၁၉ ဆက်ရှိမှ သူရိယကေတုမင်းလက်ထက် အရှေ့သရေခေတ္တရာ ပျက်၍ သက်နှင့် ကမ်းယံ-၂ မျိုး ဝင်လာသော်၊ သက်ကို မရိပ်ချောင်းမှာ ချထား၏။ ကမ်းယံကို ရမ္မာဝတီ, မေဃဝတီ- ၂ ကျွန်းတွင် ချထား၏။

“ထိုမင်းနောက် ၆၈ ဆက်-ကောဇာ ၉၆၀[၂] တွင် မင်းရာဇာကြီး ပဲခူးကိုချီ၍ အပြန်ခေါ်ယူခဲ့သည့်အတိုင်း၊ မွန်တို့ကို ဆင်ပေါက်ဆင်မမှာ ဖြည့်၍ ငါးစင်ရိုင်းကျွန်းတွင် ချထား၏။

“မင်းရာဇာပြီးနောက် ၂၆ ဆက် စန္ဒဝိမလရာဇာကို ကောဇာ ၁၁၃၈ ခု[၃] တွင် ရမ္မာဝတီကျွန်းကမ်းယံမျိုး ပုန်စား၍ မင်းပြု၏။

“ထိုမင်းလက်ထက် သက္ကရာဇ် ၁၁၄၆ခုနှစ်[၄] ဘုန်းတော်ကြီးလှသော အိမ်ရှေ့ဘုရား ချီတော်မူရာ၊ ရှေးဦးစွာ ငါးစင်ရိုင်းကျွန်းနေ ဆင်သား မွန်ငတော်ပုံသား ငသံထွေ ကျွန်ခံဝင်၍ မြို့သူကြီး ခန့်တော်မူသည်။ ငသံထွေသား ငသက်နံ့, ငဝေ, ညီ-ငချင်းပြန်, ယောက်ဖ ငလက်ရုံးဘွေ။ သင်းတို့ မင်းဆွေစိုးမျိုး မှူးရိုးမတ်ရိုး မဟုတ်ပါ။

“ချီရေးတက်ရေး လမ်း,စခန်းမှာလည်း ထားလက်ကြောင်း ချီလျှင် ထားလက်က မြို့ရောက်[၅] စခန်းကွာသည်။ ရိက္ခာလည်း ရရန် မရှိပါ။

---

၁- ‘ဂေါဓမ္မဘုရား’ - ပေကူးမူ။

၂- ခရစ်နှစ် ၁၅၉၈ ။

၃- ခရစ်နှစ် ၁၇၇၆ ။

၄- ခရစ်နှစ် ၁၇၈၄ ခု။

၅- ‘ဓညဝတီမြို့ရောက်’ ဆိုလိုသည်။

mgyoe.com

mgyoe.com SAMPLE BOOK


မင်းတုန်းလမ်း-မအီကို အရောက်ချီရလျှင် မအီက ရမ္မာဝတီမြို့ကို တစ်ရေနှင့်[၁] နေ့ချင်း ရောက်သည်။ မအီသို့ ရောက်အောင် စစ်ခေါင်းကြီးနှင့် ချီစေရပါမည်။ မော်တင်ကလှည့်၍ ရေကြောင်းလည်း အားကြီး ချီရပါမည်။ မော်တင်ကြောင်းချီ, မအီလမ်းချီ-ပေါင်းမိကြ၍ လုပ်ကြံလျှင် သင်းတို့ ခံရပ်နိုင်မည်မဟုတ်ပါ။"

အခွန်ဝန်ဇေယကျော်ထင် အစီရင်ခံသောစကားကို ဗိုလ်မှူးမင်းလှစည်သူနှင့် အများ ကြိုက်ညီကြလေ၍၊

မော်တင်ကြောင်းကို တိုင်တား နေမျိုးလက်ဝဲသီဟကို တပ်ဦးချုပ် ခန့်၍ ချီစေ၏။

မင်းတုန်းလမ်း မအီကြောင်းမှာ အခွန်ဝန် ဇေယကျော်ထင်ကို ချီစေ၏။

## ချီလေသမျှ လွယ်ကာ ရခြင်း

အခွန်ဝန်ဇေယကျော်ထင် ချီလေသော် ငချင်းပြန်ငယ်က မအီတွင် တပ်နှင့်ထားသည့် ဗိုလ်မီးစား ဝင်လာ၍ မအီကို လွယ်ကာရ၏။

တောပုန်းတောင်ခြေနေသောလူတို့ကို အခွန်ဝန်က ခေါ်၍ ကျေးရွာချထားခဲ့ပြီးမှ ရမ္မာဝတီမြို့သို့ ကူးလေ၏။

မော်တင်ကြောင်းက တိုင်တားဗိုလ်လည်း ဆိုက်ရောက်လာသော်၊ လှေ ၃၀၀၀ ကျော်နှင့် ဓညဝတီမြို့သို့ ချီကြလေ၏။

လေးဒူး လေးဝ[၂]သို့ တပ်တော်ရောက်လျှင် ငချင်းပြန်ယောက်ဖ ငလက်ရုံးဘွဲ့ မိုးသီးနတ်တောင်က လှေ ၂၀၀၀ ကျော်နှင့် ခံနှင့်သည်ကို တိုင်တားဗိုလ်မင်းက ပြည်မြို့ဝန်သီဟပတေ့, အခွန်ဝန်ဇေယကျော်ထင်, ပုသိမ်မောင်ပန်းတုတ်-၃ တပ်ကို ခန့်ရုံတိုက်စေရာ၊ သင်းတို့ ပျက်ပြို၍ ပြေးကြလေ၏။

ယင်းကချီသွား၍ ဆေးဒါန်ကျွန်းသို့ တပ်တော်ရောက်လျှင်၊ လောင်းကျက်ကျွန်းက ငချင်းပြန်ဗိုလ်ခြေ ငချေးလူး လှေ ၅၀၀ကျော်နှင့် ခံနေသည်ကို တိုင်တားဗိုလ်က

၁- ဒီရေတက်ချိန်ဖြစ်စေ, ကျချိန်ဖြစ်စေ ရေတစ်ချိန်တည်းနှင့် ရောက်သည်ကို ဆိုသည်။
၂- 'လေးတူလေးဝ' မူကွဲရှိ။

mgyoe.com

mgyoe.com SAMPLE BOOK


*“ဇေယကျော်ထင်မှာ ဧည့ဝတီအခွန်ဝန်အရာရှိ[၁] ဖြစ်သည်။ ဧည့ဝတီမြို့ကိုလည်း ဆေးဒါန်ကျွန်းက တစ်ရေသာ ကွာသည်ဖြစ်လျက် လောင်းကျက်ကျွန်းသူပုန်တပ်ကို ဧည့ဝတီမြို့ဝန် စတိုက်နေသည်။ အခွန်ဝန် တိုက်၍ ယခုညဧည့ဝတီသို့ရောက်အောင် ချီရမည်။”-ခန့်လေသော်၊

အခွန်ဝန်ဇေယကျော်ထင် ချီသွား၍ လောင်းကျက်ကျွန်းတွင် ငချည်းလူးတပ်ကို တိုက်လေရာ၊ ငချေးလူးတပ် ပျက်၍ပြေးရလေ၏။*

အခွန်ဝန် ဇေယကျော်ထင်လည်း ဧည့ဝတီသို့ရောက်လျှင် တိုင်တားဗိုလ်မင်း နေမျိုးလက်ဝဲသီဟတပ်မတော်လည်း ဆိုက်လာ၏။

ငချင်းပြန်ငယ်, ငလက်ရုံးဘွေတို့လည်း ရွှေဘုန်းတော်အရှိန်ကို မခံဝံ့၍ ကုလားနယ်အနောက်ဘက်သို့ ဝင်ပြေးလေ၏။

## ကုလားတန်ချောင်းဒေသအရေးကို ဆောင်ရွက်ခြင်း

ဧည့ဝတီမြို့ဝန် မင်းကြီးကျော်ထင်က တိုင်တားဗိုလ်ချုပ်မင်းကို ပြောဆိုသည်စကားမှာ

“ငချင်းပြန်ငယ်, ငလက်ရုံးဘွေတို့ရှိရာ ချီတက်လိုက်သွားလျှင် ကုလားတန်ချောင်းရှိ ချင်းမျိုး မြို, လင်းကဲတို့လည်း ထောင်လွှား၍ မလိုက်မလာ။ တပ်တောင်တာ အလုံးအရင်းနှင့် အတင်းနေသည်။ ရှေ့သို့ချီသွားလျှင် ဧည့ဝတီမြို့ကို သင်းတို့ ဝင်၍နှောင့်ယှက်ရာသည်။ ကုလားတန်ချောင်းကို တပ်ခန့်ရုံ၍ ချီတက်ဖျက်ဆီးဦးမှသာ သင့်မည်။ ကုလားတန်ချောင်းသည် အခွန်ဝန်ဇေယကျော်ထင်ဝန်စုအခွန်သား ဖြစ်သည်။”-ဆိုလေသော်၊

တိုင်တားဗိုလ်ချုပ်က အခွန်ဝန်ကို ဆိုသည်ကား

“မြို့ဝန်စကားအတိုင်း ချီတက်တိုက်ယူရမည်။ ‘သင်းတို့ကို အခွန်ဝန်က ‘ပါအောင်ခေါ်နိုင်မည်,မခေါ်နိုင်မည်။’ အကြောင်း ၂ ခုကို အနောက်သို့ တပ်မချီမီ သိသာအောင် ပြောဆိုရမည်။”

---

* ခရေပွင့်အမှတ်ပြ အစ-အဆုံး အတွင်းစာများ ဦးလှငွေနှန်းဖြူတည်းမူ၌ မပါလာ။
၁- ဧည့ဝတီမြို့ဝန်မှာ မင်းကြီးကျော်ထင် ဖြစ်သည်။ ဇေယျကျော်ထင်မှာ မင်းကြီးကျော်ထင်လက်အောက်အမှုထမ်း ဖြစ်သည်။

mgyoe.com

အခွန်ဝန်ဇေယကျော်ထင်က

"ကျွန်တော် ရွှေဖဝါးတော်အောက်မှာရှိခိုက် ကုလားတန်ချောင်း အရိုင်းတို့ကို မွေ့နှောက်ကြသောကြောင့် ကြောက်လန့်၍ နေသည့်အမှုသာ ဖြစ်သည်။ ခြားနားသည့်အမှု မဟုတ်ပါ။ ကုလားတန်ချောင်းရှိ ချင်းအမျိုး၊ မြုံချောင်းရှိ လင်းကဲ, ချော်, ရင်ပေါင်, လေးဒူးခေါင်းအကြီးတို့ကို ကျွန်တော်ကခေါ်၍ ပေးအပ်ပါမည်။"-ဆိုလေသော်၊

တိုင်တားဗိုလ် အခွန်ဝန်စကားကို ကြိုက်လေ၍ အခွန်ဝန်က လူစေလွှတ်ခေါ်စေရာ၊ သင်းတို့ခေါင်းအကြီး ၁၀၀ ကျော် လက်ဆောင်ပဏ္ဏာနှင့် လိုက်လာကြ၏။ တိုင်တားဗိုလ်မင်းက

"အခွန်ဝန် ဆိုသောစကားအတိုင်း မှန်သည်။"

သင်းတို့တပ်စုကို ငြိမ်ဝပ်အောင် နှလုံးရည်ဖြင့် သိမ်းဆည်းလျက် အရိုးအမျိုးနှင့်လျော်စွာ သာယာသောစကားကို ပြောဆို၍ သင်းတို့ဓလေ့ သွေးသစ္စာပေးပြီးလျှင် ပြန်စေ၏။

## တော်မြစ်ကမ်းခြေအထိ ချီတက်မြန်ခြင်း

"ကုလားတန်ချောင်းနေ အရိုင်းလူမျိုးတို့ကို နှလုံးရည်ဖြင့် ယဉ်စေပြီးမှ ငုငုကျွန်းခေါင်းသူကြီး, ကျွန်းအုပ်တို့ အသီးအသီး တောတောင်ကြီးရာ ခိုဝင်နေသမျှတို့ကို လာအောင် ခေါ်ရမည်။"

အခွန်ဝန် ဇေယကျော်ထင်ကို တိုင်တားဗိုလ်ချုပ်မင်းက ဆင့်ဆိုစေသော်၊ ကျွန်း, ချောင်း, ကျေးရွာသူကြီး၊ ကျွန်းအုပ်တို့ကို အခွန်ဝန်က ခေါ်လေသော် အသီးအသီးဝင်ရောက်လာကြ၏။

တိုင်တားဗိုလ်မင်းက 'အလုအယူ အဖမ်းအဆီး ရဲမက်လက်နက်ကိုင်တို့ မရှိစေရ။'- စာ ကိုယ်စီပေးအပ်၍ နေရင်းကျွန်း, ကျေးရွာများတွင် ငြိမ်ဝပ်စွာ ချထားခဲ့ပြီးမှ၊ ငချင်းပြန်ငယ်, ငလက်ရုံးဘွေတို့ တပ်တောင်တာနှင့်ရှိရာ တော်မြစ်သို့ ချီလေ၏။


mgyoe.com

mgyoe.com SAMPLE BOOK

## ညီလာရွာတိုက်ပွဲ

တော်မြစ်အရှေ့ဘက် မုံတောရွာတွင် တပ်တော်စွဲရပ်၍ တော်မြစ်အရှေ့နားဘက် ညီလာကုလားရွာတွင် ချေင်းပြန်၊ လက်ရုံးဘွေတို့ ကုလား ဆဘာအိတ် ၁ သောင်းကျော်၊ ရခိုင် ၁ သောင်းကျော်နှင့် စွဲရပ်ခုခံနေပြန်လေသော်၊ အခွန်ဝန် ဇေယကျော်ထင်နှင့် ပုသိမ် မောင်ပန်းတုတ်-၂ တပ်ကို ခန့်ရန်တိုက်စေ၏။ သင်းတို့က ရခိုင်နှင့် ကုလားလက်နက်ကိုင် ၅၀၀ ကျော်သေလျှင် ဆုတ်ခွာ၍ ကောင်းလှဖျူ မြို့[၁]သို့ ဝင်ပြေးလေ၏။

## အမရပူရနေပြည်တော်မှ အမိန့်ရောက်လာခြင်း

ဘင်္ဂလား-ကာလကတ္တားဂုမ္ဘဏီကလည်း အင်္ဂလိပ်ဗိုလ် ကရနင် မာကင် အချုပ်ခန့်၍ ကုလားဖြူဂူရာ ၁ သောင်းကျော်၊ ကုလားနက် ဆဘာအိတ် ၂ သောင်းကျော်-ဆင်၊ မြင်း၊ အလုံးအရင်းနှင့် ချီလာ၍၊ ပန်းဝါတွင် တပ်ခွဲ၍ နေပြီးမှ အင်္ဂလိပ်ဟီရုံကောက်ကို လက်နက်ကိုင်ရဲမက် ၅ သောင်းနှင့် တော်မြစ်အနောက်ဘက် တပ်ချင်းပြိုင်၍ စွဲရပ်နေလှာစေ၏။

တိုင်တားဗိုလ်မင်း နေမျိုးလက်ဝဲသီဟက ရခိုင်မြို့တွင်ရှိသည့် လှေများကို သိမ်းရုံး၍ တော်မြစ်သို့သွင်းပြီးလျှင်၊ 'လှူသူအသင့် ကြည်း၊ရေ-၂ဖက်နှင့် တိုက်မည်။-စည်းကြပ်စီရင်သည်အတွင်း ချေင်းပြန်ငယ်၊ လက်ရုံးဘွေတို့ ရွှေဘုန်းတော်မြတ်အရှိန်ကို မခံဝံ့၍ အနောက်ကုလားပြည်သို့ ဝင်ပြေးလေသည် အကြောင်း။'ကို ရှိခိုးသံတော်ဦးတင်လျှင်၊

'ရှေးအစဉ် မြန်မာပြည်နှင့် ကုလားပြည် စစ်ဖြစ်ဖူးသည်ထုံး မရှိ။ စစ် မဖြစ်စေနှင့်။ နားလည် ရေးခြားလိမ္မာသူကို ဘင်္ဂလား ဂုမ္ဘဏီထံ စေလွှတ်၍၊ လက်ရုံးဘွေတို့ကို တောင်း။'

ဘုရားအမိန့်တော်မြတ် ထုတ်ပြန်တော်မူ၍ တပ်ဦးသို့ ရောက်လှာ၏။ ဗိုလ်မှူးမင်းလှစည်သူကလည်း

'မြန်မာနှင့် ကုလား စစ်ဖြစ်ဖူးသည် ထုံးစံမရှိ။ ရန်မီး မပွားစေရ။ သတိ၊ ပညာရှိသည်အတိုင်း နှလုံးရည်နှင့် အမှုတကာတို့ကို ပြေငြိမ်း အောင် သိမ်းဆည်းစေရမည်။ အနောက်ပြည်သို့ စေခိုင်းရန် လူမှာလည်း

---

၁- 'သက်ကောင်းလှဖျူမြို့' ဦးလှထွန်းဖြူမှု။ 'ကောင်းလှဖြူ' မူကွဲရှိ။

အခွန်ဝန် ဇေယကျော်ထင်သည် ရှေးအထက် ကုလားတို့နှင့် ဆိုင်ပြိုင်ကြသမျှအမှုတို့ကို စကားပြောဆိုဖူးသူ ဖြစ်သည်။ အခွန်ဝန်ဇေယကျော်ထင်နှင့် တော်သင့်သူကို ခန့်၍ စေလွှတ်ရမည်။'

မှာစာစာချွန် တပ်ဦးသို့ပေး၍ ဆင့်ဆိုလာ၏။

## သံဖက်ခန့်၍ တွေ့ဆုံကြခြင်း

တိုင်တားဗိုလ်ချုပ် လက်ဝဲသီဟက ဓညဝတီမြို့အခွန်ဝန် ဇေယကျော်ထင်နှင့် ဟံသာဝတီမြို့စစ်ကဲ သူရိန္ဒဗလကို ဖက်ခန့်၍၊

- အခွန်ဝန်ဇေယကျော်ထင်မှာ သေနတ်-လူ ၂၀၀၊ ကံကျွေးဝန်ထမ်းလူ ၁၅၀။
- စစ်ကဲသူရိန္ဒဗလမှာ သေနတ်ကိုင်လူ ၁၀၀၊ ကံကျွေးဝန်ထမ်းလူ၅၀။ ခေါ်သွားကြရာ၊

တိုင်တားဗိုလ်ချုပ်နေမျိုးလက်ဝဲသီဟ ဘင်္ဂလား-ကာလကတ္တား ဂုမ္ပဏီသို့ပေးလိုက်သည့်စာကား

'ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား ရွှေစက်တော်စုံကို ဦးခိုက်၍ တိုင်းလေးပြည်မှား သူပုန်လူဆိုးတို့ ပေါ်ထွက်သမျှကို သုတ်သင်ရှင်းလင်းရသော စစ်သူကြီး တိုင်တားမြို့စားမင်း နေမျိုးလက်ဝဲသီဟ ကြားမှာလိုက်သည် ဘင်္ဂလား-ကာလကတ္တား ဂုမ္ပဏီစစ်သူကြီးတို့။

အနောက်မျက်နှာနိုင်ငံတော် ရခိုင်ပြည်ကြီးကို ချင်းပြန်၊ ငလက်ရုံးဘွေတို့ ဘင်္ဂလားစီရင်စု ပန်းဝါတွင် လက်ခံ၍ လူသူစည်းရုံး တိုက်ခိုက်လာသောကြောင့် ဆင်းရဲသားကျွန်တော်မျိုးသေကျေပျက်စီးကြောင်းကို ရွှေနားတော်မြတ် ကြားတော်မူလျှင်၊ 'သူပုန်လူဆိုး ချင်းပြန်၊ ငလက်ရုံးဘွေတို့ကို ဖမ်းဆီးရမည်။' ဗိုလ်ခြေရဲမက်အများနှင့် ခန့်ထားတော်မူ၍ ချီတက်လာခဲ့ရာ၊ မခံမရပ် ဂုမ္ပဏီစီရင်စုနယ်မြေသို့ ဝင်ပြေးကြောင်းကို ရှိခိုး


mgyoe.com

SAMPLE BOOK

သံတော်ဦး တင်သည်တွင် 'ကုလားပြည်သည်လည်း မိတ်ဝင်ကြသော ဘိလပ်အင်္ဂလိပ်မင်းနိုင်ငံ ဖြစ်သည်။ စစ်မပြုနှင့်။ ရေးခြားလိမ္မာသူကို စေလွှတ်၍ ဘင်္ဂလား-ကာလကတ္တား ဂုမ္ပဏီမှာတောင်း။' ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည်အတိုင်း ဓညဝတီမြို့ အခွန်ဝန်ဇေယကျော်ထင်, ဟံသာဝတီမြို့ စစ်ကဲသူရိန္ဒဗလတို့ကို အရေးနှင့်တကွ အပိုင်အပ်၍ လာစေသည်။

ဘင်္ဂလားဂုမ္ပဏီကိုလည်း အင်္ဂလိပ်ပြည် ဘိလပ်မင်းက လောက, ဓမ္မ, ရာဇ-အကြောင်း ၃ ပါးကို နားလည်ကျွမ်းကျင်သူဖြစ်၍ ဘင်္ဂလားစီရင်စု ပသီပြည် ဒီလီနှင့် ဟိန္ဒူနိုင်ငံများကို လွှဲအပ်သူ ဖြစ်သည်။ မိတ်ဆွေဝင်ကြလျက် ရန်မပွားစေရအသင့်နှလုံးထား၍၊ ၂ ပြည်အကြား ရန်စပြုသူ ချောင်းပြန်ငယ်, ငလက်ရုံးဘွေတို့ကို လက်ခံမထားသင့်။ ပေးအပ်လိုက်မည့်အကြောင်းကို ကြားမှာလိုက်သည်။

သည်စာကို လက်မှတ်စာတံဆိပ် သေချာစွာခပ်ပြီးလျှင် ကောင်းစွာကတ္တီပါအိတ်နှင့် အခွန်ဝန်ဇေယကျော်ထင်, စစ်ကဲသူရိန္ဒဗလတို့ကို မှာထားသည်စကား

''ရမ္မာဝတီမြို့ဝန် မဟာမင်းကလေးသား ချောင်းသည် မှူးမတ်သားဖြစ်လျက် ကျေးဇူး, သစ္စာတော်ကို မစောင့်။ ချောင်းပြန်သို့ ဝင်၍ အတွင်းဝန်ပြုလုပ်နေသည်။ ဒွါရာဝတီမြို့သူကြီး ငရွှေလှော်သား ငရွှေပွင့်လည်း ဝင်သွား၍ တရားသူကြီး ပြုလုပ်နေသည်။ သင်းတို့တစ်စုကိုလည်း သွေးသောက်ကြီးစေတူ[၁]လည်း ချောင်းပြန်, တုတ်ရဲဗိုလ် မြန်မာ ၅၀၀ ကျော်နှင့် သူပုန်လုပ်၍ပေါင်းဖက်နေသည်။ နားခံဖျော်မယား မိမင်းလည်း ချောင်းပြန်နှင့် သင့်နေ၍လိုက်သွားသည်။ သင်းတို့တစ်စုကိုလည်း ရအောင်တောင်း၍ ယူခဲ့ရမည်။''
-မှာထားပြီးလျှင် သွားစေ၏။

အခွန်ဝန်ဇေယကျော်ထင်, စစ်ကဲသူရိန္ဒဗလတို့ ငတ်မြစ်အနောက်ဘက်သို့ ကူးကြလေသော်။ အင်္ဂလိပ်တပ်ဦးဗိုလ် ဟီရံကောက်နှင့် တွေ့ကြလေ၏။

---

၁- 'သွေးကြီးစေတူ' - ဦးလှထွန်းဖြူတည်းမှု။

mgyoe.com